# INDIANA UNIVERSITY HEALTH ငွေကြေးဆိုင်ရာ အကူအညီ ပေါ်လစီ

Indiana University Heatlh ၏ ငွေကြေးဆိုင်ရာအကူအညီ ပေါ်လစီအရ အာမခံကြေးမရှိသော်လည်း အကူအညီရသင့်သော လူနာများအတွက် ငွေကြေးဆိုင်ရာ အကူအညီရှိပါသည်။ သင်သည် အင်ဒီယားနားပြည်နယ်တွင် နေထိုင်သူတဦးဖြစ်ခြင်း၊ အာမခံကြေးမရှိခြင်း၊ သင်၏ တအိမ်လုံးဝင်ငွေသည် ဖယ်ဒရယ်ဆင်းရဲမှုအဆင့်၏ ၂၀၀% နှင့်အညီ သို့မဟုတ် ၂၀၀% ထက် နည်းနေခြင်းနှင့် ဆေးရုံတခုခု၏အရေးပေါ်ဌာနမှ ကုသမှုအတွက်ဆေးရုံတင်ခြင်း၊ ဆရာဝန်ဆေးခန်းမှ တိုက်ရိုက် ဆေးရုံတင်ခြင်း၊ သို့မဟုတ်အခြားဆေးရုံမှ လွဲအပ်ခြင်း၊ စသည့်အခြေအနေများရှိပါက ဆေးကုသမှုကုန်ကျ စရိတ်များအတွက် ၁၀၀% အထိ ငွေကြေးအကူအညီ ရရှိနိုင်သည်။

အာမခံကြေး မရှိသောလူနာများ တစ်နည်းအားဖြင့် ငွေကြေးအကူအညီ မရနိုင်သူများကို လူနာအတွက်ဝန်ဆောင်မှု ရရှိသော IU Health ဆေးရုံးတစ်ခုချင်းစီမှ ရရှိသောအလားတူကုသမှုအတွက် အာမခံကြေးရှိသော လူနာများကို အထွေထွေ ကျသင့်ငွေ တောင်းခံသော ငွေပမာဏထက်ပိုပြီး အာမခံကြေးမရှိသောသူများကို မပေးခိုင်းပါ။

IU Health ၏ ငွေကြေးအကူအညီလျှောက်ရန် သို့မဟုတ် ငွေကြေးအကူအညီလျှောက်လွှာ၊ ငွေကြေးအကူအညီ ပေါ်လစီနှင့် ငွေကြေးအကူအညီ အကျဉ်းချုပ်နှင့် ပတ်သက်သောအချက်အလက် ရှာဖွေရန်အတွက် IU Health ဌာနအသီးသီးမှ အမည်စာရင်းသွင်းသောခုံ၌ သို့မဟုတ် အင်တာနက်မှ www.iuhealth.org/financialassistance တွင် အခမဲ့ရယူနိုင်သည်။ ပေါ်လစီ၊ လျှောက်လွှာနှင့် ဘာသာစကားရိုးရိုးဖြင့် ရေးထားသောအကျဉ်းချုပ် များကိုလည်း အင်္ဂလိပ်ဘာသာစကားနှင့်အတူ အောက်ပါ ဘာသာစကားများဖြင့် (download) ထုတ်ယူရန် သို့မဟုတ် ပုံနှိပ်ထုတ်ရန် ရှိပါသည်။

- အာရပ်
- မြန်မာ
- ဟားခါးချင်း
- ကရင်
- မန်းဒရင်းတရုတ်
- စပိန်

ပြည့်စုံသောငွေကြေးအကူအညီလျှောက်လွှာသည် အကျိုးကြောင်းခိုင်လုံသည်ဟု သတ်မှတ်စေရန်အတွက် လိုအပ်သော စာရွက်စာတမ်းများနှင့် အချက်အလက် အားလုံးပါရမည်။ ဝန်ဆောင်မှုပေးသောအမျိုးအစားအပေါ် မူတည်ပြီး လျှောက်လွှာကိုမစိစစ်မီ လူနာများသည် ပြန်မရသောစရံငွေကို ကြိုပြီးပေးရမည်။ Indiana University Health မှ နောက်ထပ် အကူအညီ ရသင့်သည်ဟု ယူဆပြီး Medicaid နှင့် Healthy Indian Plan အစီအစဉ်များပါဝင်သော အစိုးရအကူအညီ လျှောက်ရန် ကူညီပေးနိုင်သည်။ ငွေကြေးအကူအညီပေးရန် ခွင့်ပြုချက်ရပါက အကြောင်းကြားစာနှင့် ပေးစရာလက်ကျန်ငွေပမာဏ လျှော့ထားသော ကျသင့်ငွေတောင်းခံစာများ သက်ဆိုင်သလို ရရှိမည်။

ငွေကြေးဆိုင်ရာအကူအညီ ရှိသည့်အကြောင်းနှင့် လျှောက်လွှာတင်ရန် လုပ်ငန်းစဉ်အဆင့်များ အကြောင်း ပိုမိုသိရှိရန်အတွက် ငွေကြေးဆိုင်ရာ တရားဝင်အကြံပေးပုဂ္ဂိုလ် (Navigator) နှင့် စာရင်းသွင်းရန် ရက်ချိန်းတောင်းဆိုပါ။ သို့မဟုတ် အခမဲ့လျှောက်လွှာ စာရွက်စာတမ်းတစုံကို စာတိုက်မှတဆင့် တောင်းယူပြီးပို့ခိုင်းရန်အတွက် ကျေးဇူးပြု၍ ၁-၈၈၈-၅၃၁-၃၀၀၄ ကိုဆက်သွယ်ပါ။ သို့မဟုတ် IU Health ဌာနများ၏ နာမည်စာရင်းသွင်းရာခုံ၌ အကူအညီတောင်းပါ။

Indiana University Health